



# အိမ်တွင်းအခြေပြုသင်ယူ သင်ကြားမှုလက်စွဲစာအုပ်

## တာ့ခ်ခရိုင်အတွင်း ရွှေ့ပြောင်းပညာရေးမှရရှိသော သင်ခန်းစာများ ၂၀၂၀-၂၀၂၁



unicef for every child

help without frontiers

Teacher FOCUS

အောက်တိုဘာလ
2021

# မာတိကာ


| | |
|---|---|
| လက်စွဲစာအုပ်၏ရည်ရွယ်ချက် | 2 |
| အခြေအနေနှင့်စပ်လျဉ်းသောရှင်းပြချက် | 3 |
| အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုဆိုတာဘာလဲ? | 4 |
| အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုသည်ကျောင်းတွင်းသင်ယူ | 5 |
| သင်ကြားမှုနှင့်မည်သို့ကွဲခြားမှုရှိသလဲ ? | 6 |
| အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ထုံးလုပ်နည်း | 9 |
| ကျောင်းသား၏တည်နေရာများကိုမြေပုံမှတ်သားထားခြင်း | 10 |
| တည်နေရာရှာဖွေခြင်း | 11 |
| ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး | 12 |
| မိဘများ၏ပူးပေါင်းပါဝင်မှု | 13 |
| ကုန်ကျစရိတ်များနှင့်လိုအပ်သောအရင်းအမြစ်များ | 15 |
| ကုန်ကျစရိတ်ဥပမာ | 17 |
| အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှု၌ကြုံတွေ့ရသောစိန်ခေါ်မှုများ | 18 |
| အစားထိုးနည်းလမ်းများ | 19 |
| လေ့လာကြည့်ကြပ်ခြင်း | 20 |
| အကျဉ်းချုပ် | 21 |

# လက်စွဲစာအုပ်၏ရည်ရွယ်ချက်

ဤလက်စွဲစာအုပ်သည် တာ့ခ်ခရိုင်တွင် ၂၀၂၀ အတွင်း COVID 19 ကမ္ဘာအနှံ့ကူးစက်ပြန့်နှံ့မှု ဖြစ်ပေါ် နေစဉ်အတွင်း ရွှေ့ပြောင်းပညာရေးဆောင်ရွက်သူများမှ အိမ်တွင်းအခြေပြုသင်ယူ သင်ကြားမှုနှင့် အခြားသောအစားထိုးပညာရေးနည်းလမ်းများကို မှတ်တမ်းတင်ထားသော စာအုပ်ဖြစ်သည်။

မတူညီသောပညာရေးချဉ်းကပ်မှုပုံစံများသည် မတူညီသောအခြေအနေအတွက် သင့်လျော်မှု ရှိ သော်ငြားလည်း ဤလက်စွဲစာအုပ်သည် တာ့ခ်ခရိုင်အတွင်းရှိ ပညာရေးလုပ်ဆောင်သူများမှ ဖြစ်ပေါ်နေသည့်အခြေအနေများကို တုန့်ပြန်ဆောင်ရွက်စဉ်အတွင်း လုပ်ငန်းစဉ်များကို ကောက်ကြောင်းရေးဆွဲထားသောစာအုပ်ဖြစ်ပြီး အရေးပေါ်အခြေအနေတွင် ပညာရေးကို မည်သို့လက်ဆက်ပံ့ပိုးပေးရမည်ကို အတွေ့အကြုံ၌ အခြေခံသောအကြံပေးမှုများလည်း ဖော်ပြထားပေးသည်။

ဤလက်စွဲစာအုပ်သည် လုပ်ထုံးလုပ်နည်း၊ ကုန်ကျစရိတ်များ၊ လိုအပ်သောပစ္စည်းကိရိယာ များနှင့် သက်ဆိုင်သောကဏ္ဍများအပြင် စိန်ခေါ်မှုများနှင့်အစားထိုးသင်ယူသင်ကြားမှုနည်း လမ်းများလည်းပါ ဝင်သည်။



**HBL တွင်ဆရာများကကျောင်းသားအားလုံး၏အပူချိန်ကိုတိုင်းတာပြီးလူ တိုင်းတွင်နှာခေါင်းပိတ်များနှင့်လက်သန့်ဆေးရည်များ ရှိသည်**

# အခြေအနေနှင့်စပ်လျဉ်းသောရှင်းပြချက်

COVID 19 အကြပ်အတည်းသည် ကမ္ဘာတဝှမ်း၌ရှိသောကျောင်းများအတွက် ၂၀၂၀-၂၀၂၁ ပညာ သင်နှစ်တွင် ပညာရေးလက်လှမ်းမီနိုင်ရန် မကြုံစဖူးသောစိန်ခေါ်မှုများဖြစ်ပေါ်စေသည်။ UNESCO ၏ ဖော်ပြချက်အရ၊ ကမ္ဘာတဝှမ်း၌ရှိသောနိုင်ငံပေါင်း ၁၆၅ နိုင်ငံတွင် နိုင်ငံအနှံ့ကျောင်းပိတ်ထားမှုကြောင့် သင်ယူသူပေါင်း ၁.၄ ဘီလယံကျော်ကို ထိခိုက်မှုဖြစ်ပေါ်စေခဲ့သည်။ ထိုကျောင်းအများအပြားထဲတွင် ထိုင်းနိုင်ငံအတွင်း၌ရှိသော ရွှေ့ပြောင်းကျောင်း (MLCs) များလည်းပါဝင်ပြီး စာသင်နှစ်တစ်နှစ်တာလုံး ကျောင်းပိတ်ခဲ့ရသည်။ ကျောင်းများပိတ်ထားခြင်းသည် ကျောင်းသားများ၊ ဆရာများနှင့် သူတို့၏မိသား စုများအပေါ်အကျိုးသက်ရောက်မှုရှိသည်သာမက ကမ္ဘာတဝှမ်း၌ရှိသောလူမှုအသိုင်းအဝိုင်းများနှင့်စီး ပွါးရေးများကိုလည်း များစွာသော နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်စေသည်။

ထိုင်းနိုင်ငံတွင်ရှိသော ရွှေ့ပြောင်းကျောင်းများအနေဖြင့် ကိုဗစ်-၁၉ ၏အကျိုးသက်ရောက်မှုနှင့် လော့ခ် ဒေါင်းပြုလုပ်မှုများကြောင့် လွန်စွာထိခိုက်မှုများရှိစေပြီး ရွှေ့ပြောင်းရပ်ကွက်များသည်လည်း ပိုမိုဆိုးရွား သည့်ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုင်းနိုင်ငံတစ်ခွင်တွင် ခန့်မှန်းခြေအားဖြင့် ရွှေ့ပြောင်းလုပ် သားများဦးရေ ၄ သန်းရှိပြီး ၃၀၀,၀၀၀ မှ ၄၀၀,၀၀၀ သောလူဦးရေသည် ကလေးသူငယ်များဖြစ်ကြသည်။ ဤများစွာသောတရားဝင်နေထိုင်ခွင့်စာရွက်စာတမ်းမရှိသည့်ရွှေ့ပြောင်းအလုပ်သမားများသည် ပုံမှန်မရှိသောအလုပ်အကိုင်၊ ရာသီအလိုက်အလုပ်အကိုင်များကိုလုပ်ကိုင်နေကြပြီး အခြေခံလူတန်း စားဘဝအခြေအနေတွင်နေထိုင်နေကြသည်။ စီးပွါးရေးအပေါ် ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုကြောင့် များစွာသောအလုပ်သမားများအတွက် ဝင်ငွေရရှိမှုနောက်နှေးခြင်းသို့မဟုတ် အလုပ်လက်မဲ့ ဖြစ်ခြင်းများဖြစ်ပေါ်စေသည်။ ဤအကြောင်းအရင်းကြောင့် ကလေးသူငယ်များသည် မိမိ၏မိသားစုကို ပံ့ပိုးကူညီသည့်အနေဖြင့် မိမိ၏မောင်နှမများကိုဂရုစိုက်ပေးရန် သို့မဟုတ် ကိုယ်တိုင်လုပ်ငန်းခွင်သို့ဝင် ရောက်လုပ်ကိုင်ရန် ကျောင်းထွက်ခဲ့ကြသည်။ ထို့ပြင်မက၊ မိဘအများစုအတွက်လည်း မိမိ၏ကလေး၏ တစ်နှစ်တာလုံး ပညာရေးနှင့်သက်ဆိုင်သော နှစ်စဉ်၊ လစဉ်ကုန်ကျစရိတ်များကို ပံ့ပိုးပေးရန် အတား အစီးဖြစ်ပေါ်စေသည်။

ထို့ကြောင့် ရွှေ့ပြောင်းကလေးများအတွက် ပညာရေးသို့ဆက်လက်လက်လှမ်းမီနိုင်ရန်၊ သူတို့၏ဆရာ၊ ဆရာများနှင့်အတန်းဖော်များကိုမျက်နှာချင်းဆိုင်မြင်တွေ့နိုင်ရန်၊ အမြဲတမ်းသင်ယူနိုင်ရန်၊ ပါဝင်မှုရှိရန် နှင့် လုံခြုံစိတ်ချမှုရရှိရေးအတွက် လွန်စွာအရေးပါသည်။ ဤကဲ့သို့လိုအပ်ချက်များကြောင့် အိမ်တွင်း အခြေပြုသင်ယူသင်ကြားမှုစနစ်ကို ဇွန်လ ၂၀၂၀ တွင် ရွှေ့ပြောင်းကျောင်းများမှစတင်လုပ်ဆောင်ခဲ့ ခြင်းဖြစ်သည်။

* Ministry of Education and Migrant Working Group. (2018) See also: Thame, C., and Patrawart, K. (2017, February). Strengthening out of school children mechanisms in Tak Province. Save the Children Thailand.
** Sasaki, M. & Tyrosvoutis, G. (2020). Education Reimagined. Covid-19 Emergency Response for Migrant Education. TeacherFOCUS. Available at: https://0e20422b-7659-4a4c-90c2-4dc514d5f944.filesusr.com/ugd/033e38_9b75a4afe8da4640aceb1a4d629c7752.pdf?index=true

# အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုဆိုတာဘာလဲ?

ရွှေ့ပြောင်းကျောင်းသား၊ကျောင်းသူများသည် မိမိတို့၏ရွှေ့ပြောင်းကျောင်းတည်နေရာအနီးတဝိုက် တွင်နေထိုင်လေ့ရှိကြသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၏အစပိုင်း၌ ရွှေ့ပြောင်းကျောင်းများပိတ်ထားချိန်တွင် ဆရာ၊ဆရာ မများသည် ထိုရပ်ကွက်များသို့သွားရောက်ပြီး ရပ်ကွက်အနီးအနားတစ်ဝိုက်တွင် စာသင်ကြားမှုများစတင်ပြုလုပ်ခဲ့သည်။ လုံခြုံမှုရှိသောမည်သည့်နေရာ၌မဆို သင်ခန်းစာများကိုသင် ကြားပို့ချပေးမှုများပြုလုပ်ခဲ့သည်။ ဆရာ၊ဆရာမများသည် ရွှေ့ပြောင်းကျောင်းများပိတ်ထားနေစဉ်အတွင်း မိမိတို့၏ကျောင်းသားကျောင်းသူများ ဆက်လက်ပညာသင်ယူနိုင်ရန်အတွက် ဆိုင်ကယ်အား ဖြင့်ဖြစ်စေ၊ ကျောင်းကားအားဖြင့်ဖြစ်စေ နေ့စဉ်ရပ်ကွက်များသို့သွားရောက်ခဲ့ကြသည်။





# အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုသည် ကျောင်းတွင်း သင်ယူသင်ကြားမှုနှင့်မည်သို့ကွဲခြားမှုရှိသလဲ?

ကျောင်းတွင်းအခြေပြုမှ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုသို့လွဲပြောင်းချိန်တွင် အခြေအားဖြင့်စဉ်း စားထားရမည့်အရာသည် ကျောင်းသားများသည်မိမိ၏ဆရာ၊ဆရာမများနှင့်ထိတွေ့မှုအချိန်နည်းပါးသည်။ ဆရာ၊ဆရာမများသည် အချိန်ဇယားအသစ်နှင့်အပတ်စဉ်အချိန်ဇယားများရေးဆွဲရန်လိုအပ်ပြီး မတူညီသောအတန်းများအတွက်ဆရာ၊ဆရာမများအချင်းချင်းကြားတွင် ညှိနှိုင်းဆောင်ရွက်မှုများပြု လုပ်ရသည်သာမက အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကာလအတွင်း သင်ရိုးညွှန်းတမ်း၏မည်မျှ လောက်ပြီးဆုံးနိုင်ရန်နှင့် မည်သည့်ဘာသာရပ်တွင်ရှိသောမည်သည့်သင်ခန်းစာခေါင်းစဉ်များကို ဦးစားပေးရန် ရေးဆွဲခဲ့ကြသည်။ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုသည် ပညာသင်နှစ်၏အရေးကြီး သောအစိတ်အပိုင်းအဖြစ်လိုအပ်လာပါက ကျောင်းများသည် သင်ရိုးညွှန်းတမ်းအထဲမှ မိမိတို့ပြီး မြောက်စေချင်သော အနည်းဆုံးသင်ခန်းစာပမာဏကို တည်ဆောက်ရမည်ဖြစ်ပြီး ပညာသင်နှစ်အတွင်း ထိုပမဏကို ပြီးမြောက်ရန်ရည်ရွယ်ထားရမည်။ ကျောင်းစာသင်နှစ်နောက်ဆုံးစာမေးပွဲ သို့မဟုတ် စာမေးပွဲစစ်ဆေးမှုများသည် ထိုသင်ခန်းစာများ၌ မူတည်နိုင်သည်။

အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုစတင်ရာတွင် ခရီးစရိတ်နှင့် ဆက်သွယ်ရေးအပါအဝင်အချို့သော အရေးကြီးကဏ္ဍများ၌လည်း အပိုဆောင်းပံ့ပိုးမှုများလိုအပ်သည်။ ဆရာ၊ဆရာမများသည် ရပ်ကွက်များသို့နေ့စဉ်သွားလာရသောကြောင့် ခရီးစရိတ်လိုအပ်ချက်များဖြစ်ပေါ်စေသည်။ ဆက်သွယ်ရေးကုန်ကျ စရိတ်ပံ့ပိုးမှုများပို၍လိုအပ်ခြင်း - ဖုန်းခေါ်ဆိုမှုနှင့်အင်တာနက်ဒေတာကြေးကဲ့သို့သောပံ့ပိုးမှုများသည် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အချင်းချင်းဆက်သွယ်မှုများနှင့် မိဘများနှင့်ဆက်သွယ်မှုများပြုလုပ်နိုင်ရန် အကူအညီလိုအပ်သည်။

ရွှေ့ပြောင်းကျောင်းများနှင့်ကျောင်းများကို ထောက်ပံ့ပေးသော အဖွဲ့အစည်းများသည် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်နိုင်ရန် ဆရာ၊ဆရာမများအတွက်မည်သည့်သင်တန်းများလိုအပ်ကြောင်းကိုလည်း အကဲဖြတ်လေ့လာရသည်။ အခြားရွှေ့ပြောင်းကျောင်းများ သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မိခင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ သို့မဟုတ် အခြားသောကွန်ယက်အဖွဲ့များ)သည် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုနည်းစနစ်များနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိပါက မိမိတို့ကို သင်တန်းပေးခြင်း သို့မဟုတ် အတွေ့အကြုံဖလှယ်မှုများပြုလုပ်ပေးရန် ဆယ်သွယ်နိုင်သည်။ လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေနှင့်သက်ဆိုင်သောသင်တန်းများကိုလည်းပံ့ပိုးပေးသင့်သည်။ ဥပမာ - Help Without Frontiers Thailand Foundation (HWF) လက်အောက်ရှိကျောင်းများမှ ဆရာ၊ဆရာမများသည် ကိုဗစ်-၁၉ ကာကွယ်ခြင်းနှင့်ပတ်သက်သောသင်တန်းများရရှိပြီး ကျောင်းသားနှင့် ဆရာများ၏ကိုယ်ပူချိန်ကိုပုံမှန်တိုင်းတာခြင်း၊ မှန်ကန်စွာလက်ဆေးခြင်းနှင့်မှန်ကန်စွာနှာခေါင်းစည်း တပ်ခြင်းများပါဝင်သည်။ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကိုအထောက်အကူဖြစ်စေရန်အတွက် နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သောသင်တန်းများလည်း ပံ့ပိုးဆောင်ရွက်ပေးရမည်။ ဥပမာ - ပြောင်းရွှေ့ရန်လွယ်ကူသောခရီးဆောင် Wifi စက်ကိရိယာများကိုတပ်ဆင်ခြင်းနှင့်အသုံးပြုပုံပြုနည်း များ။

အောက်ဖော်ပြပါအပိုင်းတွင် အိမ်တွင်းအခြေပြုသင်ကြားမှုစီစဉ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းနှင့် လုပ်ဆောင် ခြင်းနှင့်ပတ်သက်သောလုပ်ဆောင်နည်းများကိုဖော်ပြထားသည်။

# အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ထုံးလုပ်နည်း

**၁.ကျောင်းသားများ၏တည်နေရာကိုမြေပုံသတ်မှတ်ပေးခြင်း** - မည်သည့်ကျောင်းသားသည် မည် သည့်ရပ်ကွက်တွင်နေထိုင်သည်ကိုသတ်မှတ်ထားရမည်။

**၂.အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအတွက်သင့်တော်ပြီးလုံခြုံမှုရှိသောနေရာများရှာဖွေခြင်း။**

**၃. သင်ကြားရေးအပိုင်းများကိုအချိန်ဇယားရေးဆွဲခြင်း** - ရပ်ကွက်အလိုက် အတန်းတစ်ခုချင်းစီအ တွက်လိုအပ်သော စာသင်ချိန်များကိုရေတွက်ခြင်းအားဖြင့်အချိန်ဇယားစီစဉ်ရေးဆွဲရမည်။

**၄. ပစ္စည်းကိရိယာများနှင့်ခရီးစရိတ်အတွက်ဘတ်ဂျက်** - အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအ တွက်လိုအပ်သောဘတ်ဂျက်များကို အကဲဖြတ်ဖော်ထုတ်ရမည်။ မည်မျှရှိထားသလဲ နှင့် မည်မျှ လိုအပ်သေးသလဲ (လိုအပ်ပါက ရံပုံငွေရှာဖွေမှုပြုလုပ်ရမည်)။

**၅. မိဘများနှင့်ညှိနှိုင်းလုပ်ဆောင်ခြင်း** - ပြောင်းလဲနေသောအခြေအနေနှင့်စည်းမျဉ်းစည်းကမ်းများကို မိဘများအားသတိပေးနိုးဆော်ပေးခြင်း၊ ဘာကြောင့်ကျောင်းများပိတ်ထားရသလဲနှင့် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကို မည်သို့လုပ်ဆောင်သွားမလဲဆိုတာနှင့်ပတ်သက်ပြီး မိဘများအားရှင်းပေးရမည်။

**၆. ခွင့်ပြုချက်များရယူခြင်း** - မိမိ၏အစီအစဉ်များကို ဒေသခံခေါင်းဆောင်များအပြင် သက်ဆိုင်ရာ ခရိုင်အဆင့် သို့မဟုတ် နိုင်ငံအဆင့်အာဏာပိုင်များအား အသိပေးနိုးဆော်ပြီး သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီလုပ်ဆောင်သွားရန်အသိပေးနိုးဆော်ရမည်။

**7.၇. ပစ္စည်းကိရိယာများပြင်ဆင်ခြင်း** - သင်ခန်းစာအတွက်ပြင်ဆင်ခြင်းနှင့် ပစ္စည်းကိရိယာများ ပြင်ဆင် ခြင်းအပိုဆောင်းအနေဖြင့်ရွေးချယ်ဖန်တီးရာတွင်ပညာရေးရည်မှန်းချက်နှင့်ကိုက်ညီပြီး ကျောင်းသား၊ ကျောင်းသူများ၏လိုအပ်ချက်များနှင့်ကိုက်ညီရမည်။ သတ်မှတ်ထားသောတည်နေရာ တွင် ဖျာများ၊ ဝိုက်ထ်ဘော့ဒ်များ နှင့်အခြားသော ပစ္စည်းကိရိယာများလည်းရှိထားကြောင်း သေချာ အောင်ပြုလုပ် ထားရမည်။

**၈. အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်ခြင်း** - အတန်းများလိုက်စာသင်မှုများကို ရပ် ကွက်ထဲတွင်စတင်ရမည်။

**၉. စောင့်ကြည့်လေ့လာခြင်း** - ကျောင်းသားများ၏သင်ယူမှုနှင့်ကျောင်းခေါ်ချိန်၊ ဒေသခံစည်းမျဉ်း စည်းကမ်းများ၊ နှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးများကို အဆက်မပြတ်စစ်ဆေးပေးရမည်။

# HBLသည်ရွှေ့ပြောင်းကလေးငယ်များနှင့်ထိုက်တန်သော အရည်အသွေးရှိသော ပညာရေးကိုဆက်လက်ရရှိစေရန်အာမခံသည်



# အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ထုံးလုပ်နည်းအဆင့်ဆင့်

## လေ့လာအကဲဖြတ်ခြင်း

**၁.ကျောင်းသားများ၏တည်နေရာကိုမြေပုံသတ်မှတ်ပေးခြင်း** - မည်သည့်ကျောင်းသားသည် မည် သည့်ရပ်ကွက်တွင်နေထိုင်သည်ကိုသတ်မှတ်ထားရမည်။

**၂.အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအတွက်သင့်တော်ပြီးလုံခြုံမှုရှိသောနေရာများရှာဖွေခြင်း။**

**၃.သင်ကြားရေးအပိုင်းများကိုအချိန်ဇယားရေးဆွဲခြင်း** - ရပ်ကွက်အလိုက် အတန်းတစ်ခုချင်းစီအတွက်လိုအပ်သော စာသင်ချိန်များကိုရေတွက်ခြင်းအားဖြင့်အချိန်ဇယားစီစဉ်ရေးဆွဲရမည်။

## ဘတ်ဂျက်

**၄.ပစ္စည်းကိရိယာများနှင့်ခရီးစရိတ်အတွက်ဘတ်ဂျက်** - အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအ တွက်လိုအပ်သောဘတ်ဂျက်များကို အကဲဖြတ်ဖော်ထုတ်ရမည်။ မည်မျှရှိထားသလဲ နှင့် မည်မျှလိုအပ်သေးသလဲ (လိုအပ်ပါက ရံပုံငွေရှာဖွေမှုပြုလုပ်ရမည်)။

## ညှိနှိုင်းလုပ်ဆောင်ခြင်း

**၅.မိဘများနှင့်ညှိနှိုင်းလုပ်ဆောင်ခြင်း** - ပြောင်းလဲနေသောအခြေအနေနှင့်စည်းမျဉ်းစည်းကမ်း များကို မိဘများအားသတိပေးနိုးဆော်ပေးခြင်း၊ ဘာကြောင့်ကျောင်းများပိတ်ထားရသလဲ နှင့် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကိုမည်သို့လုပ်ဆောင်သွားမလဲဆိုတာနှင့်ပတ်သက်ပြီး မိဘများအားရှင်းပေးရမည်။

**၆.ခွင့်ပြုချက်များရယူခြင်း** - မိမိ၏အစီအစဉ်များကိုဒေသခံခေါင်းဆောင်များအပြင် သက်ဆိုင်ရာ ခရိုင်အဆင့်သို့မဟုတ် နိုင်ငံအဆင့်အာဏာပိုင်များအား အသိပေးနိုးဆော်ပြီး သတ်မှတ်ထား သောစည်းမျဉ်းစည်းကမ်းများနှင့်အညီလုပ်ဆောင်သွားရန်အသိပေးနိုးဆော်ရမည်။

## ပြင်ဆင်ခြင်း

**၇.ပစ္စည်းကိရိယာများပြင်ဆင်ခြင်း** - သင်ခန်းစာအတွက်ပြင်ဆင်ခြင်းနှင့် ပစ္စည်းကိရိယာများ ပြင်ဆင်ခြင်းအပိုဆောင်းအနေဖြင့်ရွေးချယ်ဖန်တီးရာတွင်ပညာရေးရည်မှန်းချက်နှင့်ကိုက်ညီ ပြီး ကျောင်းသား၊ ကျောင်းသူများ၏လိုအပ်ချက်များနှင့်ကိုက်ညီရမည်။ သတ်မှတ်ထားသော တည်နေရာတွင် ဖျာများ၊ ဝိုက်ထ်ဘော့ဒ်များနှင့်အခြားသော ပစ္စည်းကိရိယာများလည်းရှိထား ကြောင်း သေချာအောင်ပြုလုပ်ထားရမည်။

## လုပ်ဆောင်ခြင်းနှင့်လေ့လာကြည့်ကြပ်ခြင်း

**၈.အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်ခြင်း** - အတန်းများလိုက်စာသင်မှုများကို ရပ် ကွက်ထဲတွင်စတင်ရမည်။

**၉.စောင့်ကြည့်လေ့လာခြင်း** - ကျောင်းသားများ၏သင်ယူမှုနှင့်ကျောင်းခေါ်ချိန်၊ ဒေသခံစည်းမျဉ်း စည်းကမ်းများ၊ နှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးများကို အဆက်မပြတ်စစ်ဆေးပေးရမည်။

# ကျောင်းသား၏တည်နေရာများကိုမြေပုံမှတ်သားထားခြင်း

ဆရာ၊ဆရာမများသည် မိမိ၏ကျောင်းသားဘယ်နှစ်ယောက်ရှိသလဲ၊ ဘယ်ရပ်ကွက်မှာနေထိုင်သလဲဆိုတာသိထားရမည်။ ကျောင်းစာသင်နှစ်အစတွင် ကျောင်းသားများ၏ တည်နေရာများကိုမြေပုံသတ်မှတ်ခြင်းအားဖြင့်စတင်ခြင်းသည် ကျောင်းများအတွက် အထောက်အကူဖြစ်စေသည်။ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုပြုလုပ်ရန်လိုအပ်လာလျှင် ဆရာ၊ဆရာမများသည် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအတန်းအတွက် ထိရောက်စွာစီစဉ်ဆောင်ရွက်နိုင်ပြီး ရပ်ကွက်သို့ အချိန်တိုအတွင်း အသိပေးအကြောင်းကြားနိုင်သည်။





# တည်နေရာရှာဖွေခြင်း

အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကို ကျောင်းသား၊ကျောင်းသူများအတွက် လုံခြုံသော၊ သင့်လျော် သောနေရာတွင် လုပ်ဆောင်ရမည်။ ဥပမာအနေဖြင့် တာ့ခ်ခရိုင်တွင်လုပ်ဆောင်သော အိမ်တွင်း အခြေပြုသင်ယူသင်ကြားမှုတွင် ဘုန်းကြီးကျောင်းများ၊ ဘောလုံးကွင်းများ၊ ကျောင်းကစားကွင်းများ၊ ရပ်ကွက်အထဲရှိနေရာလွတ်များနှင့် ကျောင်းသား၏အိမ်များပါဝင်သည်။ နှစ်သစ်၏အစ ရာသီဥတု ခြောက်သွေ့သောကာလတွင် တစ်ချို့သောအတန်းများသည် အိမ်အပြင်ဖက်ရှိသစ်ရိပ်အောက်တွင် လုပ်ဆောင်လေ့ရှိသည်။

အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအတွက် တည်နေရာရှာဖွေရာတွင်ထည့်သွင်းစဉ်းစားရမည့်အရာ များ -

- သင့်လျော်မှုရှိမရှိသိစေရန် သင်ရည်ရွယ်ထားသော နေရာနှင့်ပတ်သက်ပြီးရှာဖွေလေ့လာပါ
- လူသွားလူလာများသောလမ်းများ သို့မဟုတ် လမ်းလေးခွများ၏အနီးအနားတွင် စာသင်ခြင်း မပြုလုပ်မိရန်ရှောင်ရှားပါ
- မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာဖြင့်နာမည်ကျော်ကြားသောနေရာများကိုရှောင်ပါ
- သူတို့၏ခွင့်ပြုချက်ရရှိစေရန်ဒေသခံခေါင်းဆောင် (ဥပမာ - ရွာသူကြီး) များနှင့်အရင်ဆုံး စကား ပြောပါ။ ပြီးနောက် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းကိုလည်း သိရှိနားလည်ထားပါ (ဥပမာ- ကိုဗစ်ကူးစက်မှုအခြေအနေတွင် အကွာအဝေးခြား၍နေခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ လက် ဆေးခြင်း စသဖြင့်)။
- လူရှုပ်ပြီးဆူညံသောနေရာများကိုရှောင်ရှားပါ။ ဥပမာ - စက်ရုံများအနီးတစ်ဝိုက်။
- စာသင်ကြားမည့်နေရာသည် သန့်ရှင်းမှုရှိမရှိသေချာစစ်ဆေးပါ။ ပြီးနောက် အိမ်သာများ ကောင်းမွန်မှုရှိမရှိစစ်ဆေးပါ။
- ကျောင်းသားများအနှောက်မယှက်မဖြစ်စေသောနေရာများကိုကြိုးစားပြီးရှာဖွေပါ။



# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

ရွှေ့ပြောင်းကျောင်းများသည် ကျောင်းသား၊ကျောင်းသူများအတွက်လုံခြုံသောနေရာများဖြစ်ရမည်။ ကျောင်းများပိတ်ထားချိန်တွင် ကလေးသူငယ်များသည် အချိန်တော်တော်များများ မိမိ၏အိမ်နှင့် မိမိ၏ရပ်ကွက်ပတ်ဝန်းကျင်များတွင်သာ နေထိုင်ကြသည်။ ဤအကြောင်းအရာကြောင့် ကျောင်းသား၊ ကျောင်းသူများသည် လောင်းကစား သို့မဟုတ် မူးယစ် ဆေးဝါးသုံးဆွဲမှု အပြင် ကလေးအကြမ်းဖက်မှု ကဲ့သို့သော ကလေးများကိုထိခိုက်စေမည့်လုပ် ဆောင်မှုများထဲသို့ပါဝင်မှုများဖြစ်ပေါ်လာစေသည်။

အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်နေသောဆရာများသည် မိမိကျောင်းသားများ၏အခြေကို အလေးထားပြီးစောင့်ကြည့်ရမည်။ ကလေးများ၏ ပြောင်းလဲနေသော အပြုအမူ၊ သူငယ်ချင်းများနှင့် ခပ်ခွါခွါနေခြင်းနှင့် ပုံမှန်မဟုတ်သောဒဏ်ရာ သို့မဟုတ် အခြားအပြင်ပိုင်းမြင်တွေ့ရသောဒဏ်ရာ ကဲ့သို့သော ကလေးအကြမ်းခံရမှု လက္ခဏာများကိုလည်းသေချာစွာသတိထားစောင့်ကြည့်ရမည်။

ကျောင်းများသည် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်သော နေရာများရှိ ဒေသခံများကို လည်းစောင့်ကြည့်ရမည်။ ကျောင်းသားများ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုပြုလုပ်နေစဉ်အတွင်း ကျောင်းသားများကိုလည်း လေ့လာကြည့်ကြပ်ရမှာဖြစ်ပြီး ဒေသခံများသည် ရပ်ကွက်ထဲတွင်နေထိုင်သည့် လူများဟုတ်ပါသလား သို့မဟုတ် အပြင်မှလာလည်သောသူများဖြစ်သလားဆိုတာ သတိထားစောင့်ကြည့်ရမည်။ ကျောင်းများဖွင့်သည့်ကာလများကဲ့သို့ပင် ကလေးကာကွယ်စောင့်ရှောက်ရေး အကြောင်းအရာ နှင့်ပတ်သက်ပြီး သံသယရှိပါက မိခင်အဖွဲ့အစည်း သို့မဟုတ် ကလေးကာကွယ်စောင့်ရှောက်ရေးကျွမ်းကျင်သော ပုဂ္ဂိုလ်များကို အမြန်ဆုံးအကြောင်းကြားသင့်သည်။



# မိဘများ၏ပူးပေါင်းပါဝင်မှု

အထူးသဖြင့်ရွှေ့ပြောင်းကျောင်းများပိတ်ထားသောကာလ၌ မိမိကလေးများ၏ပညာရေးအတွက် မိဘ၏ပူးပေါင်းပါဝင်မှုသည် လွန်စွာအရေးကြီးသည်။ သင်ကြားရေးစနစ်သည် ကျောင်းသားများ၏အိမ်ပတ် ဝန်းကျင်တွင် ပြုလုပ်ရသောကြောင့် အခွင့်အခါကြုံတိုင်းမိဘများကိုပါဝင်စေခြင်းသည် ကောင်းသော အကြံညာဏ်ဖြစ်သည်။ မိဘများသည်အချိန်တော်တော်များများတွင် အိမ်တွင်းအခြေပြုသင်ယူသင် ကြားမှုအစီအစဉ်ကို ပါဝင်ချင်ကြသည် သို့မဟုတ် လေ့လာချင်ကြသည်။ မိဘများကိုပါဝင်စေခြင်းအားဖြင့် မိဘများသည် သင်ခန်းစာများကိုနားလည်စေပြီး မိမိတို့၏ကလေးများအိမ်စာလုပ်ရာတွင် အထောက်အကူဖြစ်စေသည်။

ရွှေ့ပြောင်းကျောင်းများနှင့်မိတ်ဖက်အဖွဲ့အစည်းများသည် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုပြု လုပ်ရန်လိုအပ်ကြောင်း မိဘများကို ဦးစွာအကြောင်းကြားရမည်။ သို့မှသာ လက်ရှိအခြေအနေကိုနား လည်စေပြီး ဘာကြောင့်အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကအရေးကြီးကြောင်းနားလည်စေမည်။

နောက်ထပ်အနေဖြင့်၊ အိမ်မှာနေထိုင်စဉ်အတွင်း အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကို ပံ့ပိုးပေးရန် မိဘများအား အားပေးရမည်။ အတန်း၏ပြင်ပ၌လည်း ကလေးများအချိန်မှန်သင်ယူနေရန်နှင့်တက်ကြွနေရန်အမြဲတမ်းစောင့်ကြည့်ထိန်းသိမ်းပေးခြင်းအပြင် ကလေးများ၏ အခွင့်အရေးများကို လေးစားမှုရှိစေရန်နှင့်ကလေးများ၏ အခွင့်အရေးများကို အကြမ်းမဖက်ရန်ထိန်းသိမ်းခြင်းနှင့်စပ်ဆိုင်သော အပြုသဘောဆောင်သော စည်းမျဉ်းစည်းကမ်းဖြင့် သွန်သင်ခြင်း (Positive Discipline) များပါဝင်သည် (HWF အနေဖြင့် တပြိုင်နက်ထဲတွင် မိဘနှင့်ဆရာများအတွက် အပြုသဘောဆောင်သောစည်းမျဉ်းစည်းကမ်းဖြင့် သွန်သင်ခြင်းနှင့်စပ်ဆိုင်သော သင်တန်းများကိုလည်း ပံ့ပိုးပေးသည်)။ ပြီးနောက် ကလေးများကို အတန်း၏ပြင်ပအချိန်၌လည်း သူတို့၏အိမ်စာများကို ကူညီပေးခြင်းဖြင့်သော်၎င်း၊ ဆော့ကစား ရင်းသင်ယူနိုင်ရန် အားပေးခြင်းသော်၎င်း၊ သို့မဟုတ် လွတ်လပ်စွာလေ့လာစေခြင်းအားဖြင့်သော်၎င်း စသောအရာများကို မိဘများပံ့ပိုးပေးရမည်။

ကျောင်းများနှင့်ဆရာ၊ဆရာမများအနေဖြင့်သတိထားရမည်မှာ မိဘများအနီးအနားရှိစဉ် သို့မဟုတ် စောင့်ကြည့်လေ့လာစဉ်တွင် တစ်ချို့ကျောင်းသားများသည် ရှက်ကိုးရှက်ကမ်းဖြစ်တတ်သည်။



# မည်သည့်နေရာတွင်မဆို ကလေးများအတွက်လုံခြုံစိတ်ချရ ပြီးဂရုစိုက်ခံရသည့် ပတ်ဝန်းကျင်တစ်ခုကို HBL ဖွင့်ပေးသည်





# ကုန်ကျစရိတ်များနှင့်လိုအပ်သောအရင်းအမြစ်များ

အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအတွက်လိုအပ်သော အဓိကပစ္စည်းကိရိယာတော်တော်များများသည် ကျောင်းများ၌ သင်ယူစဉ်လိုအပ်သော ပစ္စည်းကိရိယာများနှင့် အတူတူပင်ဖြစ်သည်။ ဥပမာ - ဘောပင်၊ ခဲတံ နှင့် မှတ်စုစာအုပ်များကဲ့သို့သော အခြေခံစာရေးကိရိယာများဖြစ်သည်။

အပိုဆောင်းပစ္စည်းကိရိယာများကလည်း အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ငန်းစဉ်ကိုပို၍ချော မွေ့လွယ်ကူစေရန် ကူညီပေးနိုင်သည်။ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်ရန် အရေး ပေါ်လိုသောအခြေအနေတွင် ကျောင်းများ သို့မဟုတ် ကျောင်းများ၏မိခင်အဖွဲ့အစည်းများသည် အရေး ပေါ်ပံ့ပိုးမှုမှတစ်ဆင့် ဤပစ္စည်းကိရိယာများကိုရရှိနိုင်သည်။ ပံ့ပိုးမှုမရရှိပါက ပစ္စည်းကိရိယာများရရှိရန်အတွက် မိမိကိုယ်တိုင်၏ ဘတ်ဂျတ်မှထုတ်သုံးရန်လိုအပ်လာလိမ့်မည်။

အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအတွက်အသုံးဝင်သောအရင်းအမြစ်များဥပမာတစ်ချို့မှာ

- **ဖျာ** - အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်သောနေရာများသည် မတူညီသောကြောင့် ဖျာသည် စာသင်နေစဉ်အတွင် ကျောင်းသား၊ကျောင်းသူများထိုင်နိုင်ရန်အသုံးဝင်သည်၊ အိမ်တွင်းဖြစ်စေ၊ အိမ်ပြင်ဖြစ်စေကလေးများထိုင်နိုင်ပြီး အဝတ်အစားများမညစ်ပေစေရန် အတွက်အသုံးဝင်သည်။

- **ဝိုက်ထ်ဘော့ဒ်** - ဝိုက်ထ်ဘော့ဒ်သည် အလွန်အသုံးဝင်သောသင်ကြားရေးကိရိယာတစ်ခုဖြစ်သည်။ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုနေရာများတွင် ဝိုက်ထ်ဘော့ဒ်၊ မာကာပင်နှင့် ဘော့ဖျက်များရှိထားလျှင် ဆရာ၊ဆရာမများသည် မိမိ၏သင်ခန်းစာများကိုသင်ပေးရာတွင် ထိထိရောက်ရောက်နှင့်ပူးပေါင်းပါဝင်မှုအားကောင်းစေရန်လုပ်ဆောင်ပေးနိုင်သည်။များမညစ်ပေစေရန် အတွက်အသုံးဝင်သည်။

- **ပြောင်းရွှေ့နိုင်သောအမိုးအကာ** - အိမ်ပြင်ပ၌လုပ်ဆောင်ရသော အတန်းများအတွက် ပြောင်းရွှေ့နိုင်သော အမိုးအကာသည် ကျောင်းသားအဖွဲ့ငယ်များစာသင်ယူရန်အတွက် အရိပ်ရရှိစေ ရန်ပံ့ပိုးပေးသည်။ တာ့ခ်ခရိုင်၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွါးနေစဉ်အတွင်း အိမ်တွင်းအခြေပြုသင် ယူသင်ကြားမှုလုပ်ဆောင်ရာတွင် ဤပြောင်းရွှေ့နိုင်သောအမိုးအကာများကို စိစစ်စမ်းသပ်ခြင်း (screening) နေရာအနေဖြင့်လည်းအသုံးပြုခဲ့သည်။ နာမည်စာရင်းသွင်းခြင်းနှင့်အပူချိန်တိုင်း တာသောနေရာအဖြင့်အသုံးပြုခဲ့သည်။

- **ခရီးဆောင် WiFi စက်ကိရိယာများ** - ရွှေ့ပြောင်းရပ်ကွက်များ သို့မဟုတ် ဝင်ငွေနည်း ပါးသော ပတ်ဝန်းကျင်များတွင် ကောင်းမွန်ပြီးဆွဲအားကောင်းသောအင်တာနက်ရရှိရန်ခက်ခဲ သည်။ စင်းမ်ကဒ်ထည့်ပြီးအသုံးပြုသောအင်တာနက် hotspot စက်ကိရိယာများရှိခြင်းအားဖြင့် ဆရာ၊ဆရာမများသည် မိမိတို့သွားလေရာရာ၌ကိုယ်ပိုင်စက်ကိရိယာများဖြင့် အင်တာနက်ကို ချိန်ဆက်နိုင်သည်။ ပညာပေးဗီဒီယိုများ၊ သီချင်းများ၊ သို့မဟုတ် အခြားအွန်လိုင်းအရင်းအမြစ် များကဲ့သို့သော အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကိုအထောက်အကူဖြစ်စေမည့်အရင်း အမြစ်များကိုလည်း လက်လှမ်းမှီနိုင်သည်။

- **ခရီးဆောင် mini-** စပီကာများသည် WiFi Devices များနှင့် တွဲ၍ သုံးနိုင်သောအခြားအသုံးဝင်သောပစ္စည်းတစ်ခုဖြစ်သည်။

# အခြားစဉ်းစားရမည့်ကုန်ကျစရိတ်များ

**A4 စာရွက်၊ မိတ္တူကူးခ :** အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုစနစ်သည် ကျောင်းသားများထံနေ့တိုင်း မသွားရောက်သင်ကြားနိုင်သောကြောင့် နောက်ထပ်အပိုဆောင်းအိမ်တွင်းအခြေပြုသင်ကြားရေးကို ဖြည့်စွက်ပေးရန်ပစ္စည်းများစီစဉ်ထားသင့်သည်။ ဆရာ၊ဆရာမများနှင့်မတွေ့ဆုံနိုင်သောနေ့ရက်များတွင် ကျောင်းသားများသည် ဆက်လက်ပညာသင်ယူနေစေရန်နှင့် ပါဝင်မှုအားကောင်းလာရန် အိမ်စာ များစီစဉ်ထားပေးသင့်သည်။ A4 စာရွက်သည် ထိုအိမ်စာများကိုစီစဉ်ရန်အတွက် ပုံမှန်လိုအပ်သော အရာဖြစ်သည်။

**ခရီးသွားကုန်ကျစရိတ်:** ပုံမှန်ကျောင်းတက်သည့်အချိန်များနှင့်နှိုင်းယှဉ်လျှင် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုအစီအစဉ်သည် ပို၍ခရီးသွားရသည်။ ပုံမှန်ကျောင်းတက်ချိန်များတွင် ကျောင်းသားများကို မိမိ၏နေရာမှကျောင်းသို့ နေ့စဉ်ပို့ဆောင်ပေးရန်သာလိုအပ်သည်။ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုမှုကား ဆရာ၊ဆရာမများသည် ရပ်ကွက်များစွာသို့သွားပေးရသောကြောင့် ခရီးသွားစရိတ်အပိုင်းတွင် ပို၍ကုန်ကျစရိတ်တိုးလာသည်။ ဤခရီးသွားစရိတ်သည် တာ့ခ်ခရိုင်တွင်အိမ်တွင်းအခြေပြုသင်ယူသင် ကြားမှုလုပ်ဆောင်နေသည့်ကျောင်းများအတွက် ကြီးမားသောလိုအပ်ချက်တစ်ခုဖြစ်သည်။

**ဆက်သွယ်ရေးကုန်ကျစရိတ်:** အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုသည် ဆရာအချင်းချင်းကြား၊ ဆရာနှင့်မိဘများကြား၊ ကျောင်းနှင့်ဒေသခံအာဏာပိုင်များကြား နှင့် ကျောင်းနှင့်အဖွဲ့အစည်းများကြားတွင် ညှိနှိုင်းလုပ်ဆောင်မှုများစွာလိုအပ်သည်။ ကောင်းမွန်သောဆက်သွယ်ရေးလမ်းကြောင်းရှိထားပါက အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ငန်းစဉ်ကို ပို၍ချောမွေ့စွာ၊ ထိရောက်စွာလုပ်ဆောင် နိုင်မည်။ စိန်ခေါ်မှုများ သို့မဟုတ် အတားအဆီးများရှိလာပါက မြန်ဆန်စွာကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်။ ဆက်သွယ်ရေးအပိုင်း၌ကောင်းမွန်စေရန်အတွက် ဆရာ၊ဆရာမများသည် မိမိ၏ဖုန်းဘေလ်နှင့် ဒေတာများကို အမြဲတမ်းဖြည့်ထားရသည်။



# ကုန်ကျစရိတ်ဥပမာ

ကျောင်းသားဦးရေ - ၁၅၀
ဆရာ၊ဆရာမဦးရေ - ၇
ရပ်ကွက်အရေအတွက် - ၆
ကြာချိန် - ၁၀ လ (ကျောင်းစာသင်နှစ်)

| အရင်းအမြစ် | အခုရေနံပါတ် | တစ်ခုကုန်ကျစရိတ် (ထိုင်းဘတ်) | အကြိမ်ရေ | စုစုပေါင်းကုန် ကျစရိတ် (ထိုင်းဘတ်) |
|---|---|---|---|---|
| အမိုးအကာ (3 x 3 မီတာ) | 2 | 3,000 | 1 | 6,000 |
| ဖျာ | 6 | 140 | 1 | 840 |
| ဝိုက်ထ်ဘော့ဒ် | 12 | 300 | 1 | 3,600 |
| မာကာပင် | 48 | 20 | 1 | 960 |
| ဘော့ဖျက် | 12 | 40 | 1 | 480 |
| WIFI စက်ကိရိယာ | 1 | 800 | 1 | 800 |
| အင်တာနက် ပက်ကေ့ဂျ် (ကြိုတင်ငွေရှင်းထားသော စင်းမ်) | 1 | 1,790 | 1 | 1,790 |
| ခရီးသွားစရိတ် | 7 | 400 | 10 | 28,000 |
| A4 စာရွက် | 150 | 2 | 10 | 3,000 |
| အခြေခံစာရေး ကိရိယာ (ဘောပင်၊ ခဲတံ၊ မှတ်စုစာအုပ်) | 150 | 500 | 1 | 75,000 |
| **စုစုပေါင်း** | | | | 120,470 |

* ကျောင်း၏အခြေခံကုန်ကျစရိတ်များဖြစ်သော ဆရာ၊ဆရာမလစာနှင့်အဆောက်အဦး နေရာငှားခ မပါဝင်ပါ။

# အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှု၌ကြုံတွေ့ရသော စိန်ခေါ်မှုများ

အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်ရန်မလွယ်ကူပါ။ ပြီးနောက် စိန်ခေါ်မှုများစွာလည်းကြုံ တွေ့ကြသည်။ လုပ်ငန်းစဉ်၏အစပိုင်းတွင် ဖြစ်နိုင်ခြေရှိသောစိန်ခေါ်မှုများကိုရှာဖွေဖော်ထုတ်ထားပါက ကျောင်းများသည် စိန်ခေါ်မှုများစီမံခန့်ခွဲနိုင်ပြီး ဖြစ်လာနိုင်ဖွယ်သောစိုးရိမ်ဖွယ်ရာများကိုလျှော့ချနိုင် သည်။
အဓိကစိန်ခေါ်မှုအချို့မှာ -

**<u>ဆရာ၊ဆရာမများ၏စိတ်ဖိစီးမှု</u>** - အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ဆောင်ရန်အတွက် အသုံးပြုရသောအချိန်နှင့်ခွန်အားများကိုလျှော့တွက်၍မရပေ။ ကျောင်းသားတစ်ယောက်ချင်း ဆီသို့ တစ်ပတ်တစ်ခါရောက်ရှိနိုင်ရန် ဆရာ၊ဆရာမများသည် ရပ်ကွက်များစွာသို့နေ့တိုင်းသွား ရသည်။ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုပုံမှန်လုပ်ဆောင်နိုင်ရေးအတွက် ဆရာ၊ဆရာမ များ၏ခွန်အား၊ စိတ်ဖိစီးမှုနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ်သို့ အကျိုးသက်ရောက်မှုရှိနိုင် သည်၊ အထူးသဖြင့် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုသည် အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသောအခြေအနေများတွင် လုပ်ဆောင်ရသောကြောင့် ဖြစ်သည်။ ဆရာ၊ဆရာမများသည် ထိုအရာများနှင့်ပတ်သက်ပြီးပံ့ပိုးမှုများလိုအပ်ပါက မည် သည့်နေရာများတွင်ရရှိနိုင်ကြောင်းသိရှိထားရန်လုပ်ဆောင်ပေးသင့်သည်။

**<u>အချိန်ကန့်သတ်ချက်များ</u>** - အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုသည် ဆရာ၊ဆရာမများအနေ ဖြင့် ရပ်ကွက်များစွာသို့သွားလာရသောကြောင့် ခရီးသွားချိန်များစွာအသုံးပြုရပြီး စာသင်ချိန် ထက်ခရီးသွားချိန်ပိုများနေသည်။ ကျောင်းသား၊ကျောင်းသူများသည် တစ်ပတ်လျှင် အိမ်တွင်း အခြေပြုသင်ယူသင်ကြားမှုကို တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သာသင်ယူခွင့်ရကြသည်။ အိမ် တွင်းအခြေပြုသင်ယူသင်ကြားမှုကိုကာလကြာမြင့်စွာလုပ်ဆောင်ရပါက ဆရာ၊ဆရာမများသည် တစ်နှစ်တာအတွက်သင်ကြားရမည့် သင်ရိုးညွှန်းတမ်းပမာဏအနည်းငယ်သာသင်ကြား ပေးနိုင်လိမ့်မည်။ ဆရာ၊ဆရာမများသည် စာသင်နှစ်၏တစ်နှစ်တာအတွက်သင်ရိုးညွှန်းတမ်း၏ အခြေခံပမာဏကိုရည်ရွယ်ထားပြီး သင်ခန်းစာအစီအစဉ်နှင့်အချိန်ဇယားများကိုအသေး စိတ်ပြန်လည်ချိန်ညှိရေးဆွဲရလိမ့်မည်။ ကျောင်းများနှင့်မိတ်ဖက်ကွန်ယက်၌ရှိသောအဖွဲ့အစည်း များသည် ပြီးမြောက်ရန်ရည်ရွယ်ထားသောသင်ခန်းစာများကိုစုဆောင်းလျှက်သဘောတူညီမှုများရယူပြီး စာသင်နှစ်ပြီးဆုံးချိန်တွင် အောင်လက်မှတ်အသိအမှတ်ပြုခြင်းကို ပံ့ပိုးပေးရန် သဘောတူညီမှု ရယူထားရမည်။

**<u>မတူညီသောအသက်အရွယ်များဖြင့်သင်ယူခြင်း</u>** - သက်တူရွယ်တူ၊ အတန်းတူကျောင်းသားများသည် ရပ်ရွာအတူနေထိုင်ခြင်း သို့မဟုတ် ရပ်ကွက်အတူနေထိုင်ခြင်းကို မြင်တွေ့ရန်ခက်ခဲလှသည်။ ထို့ကြောင့် ဆရာ၊ဆရာမများသည် ရပ်ကွက်များအတွင်းအိမ်တွင်းအခြေပြုသင်ယူသင် ကြားမှုသွားရောက်သင်ကြားသောအချိန်တွင် မတူညီသောအသက်အရွယ်၊ မတူညီသောအ တန်းများကို တစ်ချိန်တည်းတွင်သင်ပေးရနိုင်သောအခြေအနေရှိသည်။

# အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှု၌ကြုံတွေ့ရသောစိန်ခေါ်မှုများ

ပတ်ဝန်းကျင်ပြဿနာ - သင့်တော်သောတည်နေရာများကိုရှာဖွေနိုင်ခြင်းနှင့်ပတ်သက်သော စိန်ခေါ်မှုများအပြင် ပတ်ဝန်းကျင်ပြဿနာများလည်းထည့်သွင်းစဉ်းစားရမည်။ ထိုင်းနိုင်ငံကဲ့သို့ နေရာမျိုးသည် မိုးရာသီကာလအတွင်း အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှု လုပ်ဆောင်ရန် ကြီးမားသောအတားအဆီးတစ်ခုဖြစ်နိုင်သည်။ တစ်ခါတစ်လေတွင် အပတ်ပေါင်းများစွာနေ့ တိုင်းမိုးပြင်းထန်စွာရွာသွန်းလေ့ရှိသည်။ ထိုကဲ့သို့သောလများတွင် ရပ်ကွက်အတွင်းစာသင် ကြားနိုင်ရန်အတွက် နေရာသစ်များရှာဖွေစီစဉ်ရသည်။

ရပ်ကွက်၏ပူးပေါင်းပါဝင်မှု - ရပ်ကွက်များအတွင်းစာသင်ကြားခြင်းပြုလုပ်ရန်စီစဉ်ရာတွင် ရပ် ကွက်နေလူထုများနှင့် ဒေသခံခေါင်းဆောင်များပါဝင်ရန် အရေးကြီးသည်။ စာသင်ကြားမှုခွင့်ပြု ချက်များရရှိရန် ရွာသူကြီးများနှင့် ဆွေးနွေးတိုင်ပင်ရမှာဖြစ်ပြီး၊ ရပ်ကွက်နေလူထုများအနေဖြင့် အခြေအနေများကို သတိထားမိရန်နှင့်ပါဝင်မှုရှိသည်ဟုခံစားရရန်လုပ်ဆောင်ပေးသင့်သည်။ ကျောင်းများသည် မိမိလုပ်ငန်းစဉ်များလုပ်ဆောင်နေသော ရပ်ကွက်များနှင့် ကောင်းမွန်သော ပေါင်းသင်းဆက်ဆံမှုမရှိပါက ကျောင်းများအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ခုဖြစ်လာနိုင်သည်။ တာ့ခ်ခရိုင်အတွင်း အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှု အတွေ့အကြုံမှရရှိသော သင်ခန်းစာသည် ရပ်ကွက်များနှင့် ကောင်းမွန်သော ပေါင်းသင်းဆက်ဆံရေးကိုအစအဦးက တည်းကပင်ရှိထားရမှာဖြစ်ပြီး ကောင်းမွန်စွာထိန်းသိမ်းထားရမည်၊ အထွေထွေအားဖြင့်သာ ကောင်းမွန်သောဆက်ဆံရေးရှိနေခြင်းမဟုတ်ပဲ အရေးပေါ်အခြေအနေများ၌ အောက်ခြေအ ဆင့်လုပ်ရှားမှုများကိုလည်းအတူပူးပေါင်းလုပ်ဆောင်နိုင်ရမည်။

ကျောင်းသားများအပေါ် လူမှုစိတ်ပိုင်းဆိုင်ရာနှင့် သက်ဆိုင်သော အကျိုးသက်ရောက်မှု - ကလေးများအတွက် အကောင်းဆုံးအချိန်ရောက်ရှိနေသည့် အချိန်တွင် အရေးပေါ်အခြေအနေ၌ ကလေးများသည် ကျောင်းတက်ရခြင်းနှင့် သက်ဆိုင်သော စိုးရိမ်မှုများနှင့် စိတ်ဖိစီးမှုများကို ထပ်ဆင့်ခံစားရနိုင်သည်။ ကလေးများသည် သူငယ်ချင်းများ၊ အတန်းများဖော်များနှင့်ခွဲ နေရသည်၊ ဆရာ၊ဆရာမများနှင့် ထိတွေ့ချိန်လည်းလျော့နည်းလာသည်၊ ပြီးနောက် စာသင်ယူမှု အပိုင်း တွင်လည်းပို၍ခက်ခဲလာသည်။ ဆရာ၊ဆရာမများသည် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှု လုပ်ဆောင်နေစဉ်တွင် ကျောင်းသားများ၏ သာယာဝပြောရေးကိုလည်းပို၍ ဂရုစိုက်ရပြီး လေ့လာစောင့်ကြည့်မှုများပြုလုပ်ရသည်၊ ပြီးနောက် ထင်ရှားသော သို့မဟုတ် သံသယရှိသော ကိစ္စရပ်များကိုလည်း လိုက်လံကြည့်ရှုရသည်။



# အစားထိုးရွေးချယ်နိုင်သောနည်းလမ်းများ

တာ့ခ်ရိုင်၌ ကိုဗစ်-၁၉ ဒုတိယလိုင်းနှင့်တတိယလိုင်းကာလအတွင်း ရပ်ကွက်တစ်ခုနှင့် တစ်ခု သွားလာ လှုပ်ရှားမှုကန့်သတ်ချက်များကြောင့် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုများမလုပ်ဆောင်နိုင်ခဲ့ပေ။ ထိုကာလအတွင်းတွင် ရွှေ့ပြောင်းကျောင်းများသည် အခြားသောသင်ကြားမှုနည်းလမ်းများဖြစ်သော အွန်လိုင်းသင်ကြားမှုနှင့်အိမ်စာစာရွက်ထုတ်ဝေမှုများပြုလုပ်ရသည်။ ထိုနောက်တွင် ကိုဗစ်-၁၉ အခြေ အနေကောင်းမွန်လာသောကြောင့် ရွှေ့ပြောင်းကျောင်းများသည် ကျောင်းတွင်အကွာအဝေးဖြင့် နေထိုင်ပြီးစာသင်ကြားမှုပြုလုပ်နိုင်ရန် တစ်ချို့တစ်ဒေသတွင် ကျောင်းများဖွင့်လာနိုင်ခဲ့သည်။

ကျောင်းသားများစာသင်ကြားမှုကိုပံ့ပိုးပေးရန် အခြားသောအပိုဆောင်းနည်းလမ်းများစွာလည်းရှိပြီး ထို နည်းလမ်းတစ်ခုစီတိုင်းတွင် အားသာချက်နှင့်အားနည်းချက်များရှိကြောင်း အောက်ပါဇယားကွက်ထဲ တွင်ဖော်ပြထားသည်။ မည်သည့်သင်ကြားမှုနည်းလမ်းသည် မိမိ၏ကျောင်းသားများနှင့် မိမိ၏အခြေ အနေအတွက်သင့်တော်သလဲဆိုတာသေချာစွာဂရုတစိုက်ထည့်သွင်းစဉ်းစားပေးရမည်။

| သင်ကြားမှုနှင့် သင်ယူမှုနည်း လမ်း | အားသာချက် | အားနည်းချက် |
|---|---|---|
| ကျောင်းတွင်အကွာအဝေးနေထိုင်ခြင်းဖြင့်စာသင် ကြားခြင်း (အချိန် ဇယားလည်ပတ် ခြင်း) | • ကျောင်းသားများနှင့်မျက်နှာချင်းဆိုင်ရန်အချိန်ပိုရသည်။<br>• ကျောင်းသားများ၏ကိုယ်ပူချိန်နှင့်ကျန်းမာရေးကိုပုံမှန်စစ်ဆေး နိုင်သည်။<br>• ကျောင်းသားများသည် မိမိ၏သူငယ်ချင်းများနှင့်အတူရှိချိန်ပိုရသည်။ | • တစ်ရက်တာအတွက်ကျောင်းသားအကန့်အသတ် ရှိသည်။<br>• ဆရာ၊ဆရာမများသည်ကျောင်းအတွင်းစာသင်ရန်သင်ခန်းစာများပြင်ဆင်ရ သည့်အပြင် အပိုဆောင်း အိမ်စာများလည်းပြင်ဆင် ရသောကြောင့်အချိန်ပို၍ အသုံးပြုရသည်။ |
| အိမ်တွင်းအခြေ ပြုသင်ယူသင်ကြားမှု | • အတော်အသင့်ကျောင်းသားများနှင့်ထိတွေ့ရသည်။<br>• မိဘများ၏ပူးပေါင်းပါဝင်မှုပို၍ ရရှိသည်။ | • တစ်ချို့ရပ်ကွက်များတွင်ဆရာ၊ဆရာမများဝင်ရောက်နိုင်ရန်စိန်ခေါ်မှုရှိသည်။<br>• ရာသီဥတုသည် လက်လှမ်းမီနိုင်မှုကိုအဟန့်အတားဖြစ်စေ သည် (မိုးရွာ၊ အလွန်ပူပြင်း၊ ခြင်ပေါ်များခြင်း)။<br>• ဆရာ၊ဆရာမများစိတ်ဖိစီး သည်။<br>• တစ်ချို့ကျောင်းသားများသည်ပျက်ကွက်မှုရှိသည် သို့မဟုတ် သူတို့၏တည် နေရာများကိုရှာဖွေရန်ခက်ခဲသည်။ |
| အွန်လိုင်းသင် ကြားမှု | • ကိုဗစ်-၁၉ ကူးစက်မှုအန္တရယ် မရှိ။<br>• ရာသီဥတု သို့မဟုတ် ကျန်းမာရေးမူဝါဒများ၏ကန့်သတ်မှုများ မရှိ။ | • ကလေးငယ်များအတွက် မသင့်တော်။<br>• စက်ကိရိယာနှင့်ဆက်သွယ်ရေးအထောက်အကူမရှိ။<br>• ကျောင်းသားများပူးပေါင်းပါဝင်ရန်စိန်ခေါ်မှုရှိ။ |
| အိမ်စာစာရွက် များဖြန့်ဝေခြင်း | • လွန်ခဲ့သောနှစ်မှဖန်တီးထားသောဥပမာပစ္စည်းကိရိယာများရှိ။<br>• အခြားသောသင်ကြားမှု၊သင်ယူမှုနည်းလမ်းများကိုဖြည့်စွက်ပေးနိုင်စွမ်းရှိ။ | • အချိန်များစွာအသုံးပြုရပြီးပစ္စည်းကိရိယာများ ဈေးကြီး သည်။<br>• မိဘအများစုသည်မိမိကလေးများ၏အိမ်စာများကိုမကူညီပေးနိုင်ပေ။ |

အချို့သောရွှေ့ပြောင်းကျောင်းများသည် ထိရောက်မှုကြီးကြီးမားမားရှိစေရန် မတူညီသောနည်းလမ်းများကိုတစ်ချိန်တည်းမှာပင်ပေါင်းစပ်လုပ်ဆောင်ပေးသည်။ ဥပမာ - လည်ပတ်နေသောအချိန်ဇယားဖြင့် ကျောင်းတွင်အကွာအဝေးနေထိုင်၍သင်ကြားမှုပြုလုပ်ခြင်းနှင့်အတူ ညနေပိုင်းတွင်အွန်လိုင်းသင် ကြားမှုကိုဖြည့်စွက်အနေဖြင့်သင်ကြားပေးသည်၊ သို့မဟုတ် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုနှင့် အတူ အိမ်စာစာရွက်များဖြန့်ဝေခြင်းကို ဖြည့်စွက်အနေဖြင့်သင်ကြားပေးသည်။

# လေ့လာကြည့်ကြပ်ခြင်း

အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကိုလေ့လာကြည့်ကြပ်ခြင်းသည် လုပ်ဆောင်မှုနှင့်လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်ရန်နည်းလမ်းရှာဖွေမှုများနှင့် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုနှင့်ဆိုင်သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အကူအညီရှာဖွေမှုများအားတိုးတက်စေနိုင်သည်။

ဤအရာများသည် လေ့လာကြည့်ကြပ်သင့်သောအရာများဖြစ်သည် -

**ကျောင်းသားများအတန်းတက်ရောက်မှု** - အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုတွင် ကျောင်း သားများ၏ အတန်းတက်ရောက်မှုများကို လေ့လာကြည့်ကြပ်ရမည်၊ အချိန်အခါမှန်အတန်းပျက်ကွက်ခြင်း သို့မဟုတ် ကြာရှည်စွာပျက်ကွက်ခြင်းရှိပါက နောက်ယောင်ခံလေ့လာစောင့်ကြည့်မှုများပြုလုပ်ရမည်၊ တစ်ချို့ကလေးများသည် မိမိ၏အိမ်တွင် ကလေးကာကွာစောင့်ရှောက်ရေးနှင့် သက်ဆိုင်သောကိစ္စရပ်များရင်ဆိုင်ရနိုင်ကြောင်း စိတ်ထဲတွင်မှတ်ထားရမည်။

**ကျောင်းသားများ၏သင်ယူမှု** - ဤအခြေအနေများကြောင့် သင်ကြားရေးနှင့်သင်ယူလေ့လာ ရေး အတွက်စိန်ခေါ်မှုများပို၍များပြားလာနိုင်သော်လည်း အစားထိုးရွေးချယ်နိုင်သော ပညာရေး နည်းလမ်းများသည် ကျောင်းသားများအတွက် ကောင်းမွန်သောအကျိုးသက်ရောက်မှုရှိစေရန် ကျောင်းသားများ၏ သင်ယူလေ့လာမှုအဆင့်များကို ကြိုးစား၍ လေ့လာကြည့်ကြပ်ရမည်။ အိမ် စာများပေးခြင်းနှင့် အပတ်စဉ်အမှတ်များပေးခြင်းသည် သင်ကြားပို့ချပေးသော သင်ခန်းစာ ခေါင်းစဉ်များအပေါ် ကျောင်းသားများ၏ နားလည်မှုများကို လေ့လာကြည့်ကြပ်ရန်အတွက် ကောင်းမွန်သော နည်းလမ်းတစ်သွယ်ဖြစ်သည်။ ဉာဏ်စမ်းမေးခွန်းများနှင့် အတန်းထဲစာစစ် ဆေးမှုများလည်း အသုံးဝင်သည်။ အင်တာဗျူးများ၊ အမေးအဖြေကဏ္ဍများ၊ နှင့်အဖွဲ့လိုက်ဆွေး နွေးခြင်းကဲ့သို့သော ပုံမှန်ရှေးရိုးဆန်ဆန်ရှာဖွေဖော်ထုတ်မှုနည်းများကိုလည်း အသုံးပြုနိုင်သည်။ ကျောင်းသား၊ ကျောင်းသူများ၏ တိုးတက်မှုကိုပြန်လည်သုံးသပ်ရာတွင် မိဘများပါဝင်လာရန် ဖိတ်ခေါ်နိုင်သည်။ စာသင်နှစ်နှစ်ဆုံးရောက်ချိန်တွင် သင်ရိုးညွှန်းတမ်းတစ်ခုလုံးကိုမပြီးနိုင် ပါက တစ်နှစ်တာလုံး သင်ကြားပေးခဲ့သောခေါင်းစဉ်များအပေါ်မူတည်ပြီး ကျောင်းသားများ အတွက်စာမေးပွဲစီစဉ်နိုင်သည်။

**ဆရာ၊ဆရာမများ၏စိတ်ကျန်းမာရေး** - ကျောင်းများ၊ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှု လုပ်ဆောင်နေသော ဝန်ထမ်းများနှင့် ပုံမှန်ချိတ်ဆက်မှုများပြုလုပ်ရမည်။ တာ့ခရိုင်အနေဖြင့်၊ ကျောင်းတစ်ကျောင်းစီ၏ တိုးတက်မှုအခြေအနေနှင့် စိန်ခေါ်မှုများနှင့်သက်ဆိုင်သော update များ ရရှိရန် ရွှေ့ပြောင်းကျောင်း၏ ကျောင်းအုပ်ကြီးများနှင့် လစဉ်အစည်းအဝေးထိုင်ရသည်။ လော့ခ်ဒေါင်းကာလအတွင်း အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကို အစားထိုးလုပ်ဆောင်ရ သောအချိန်တွင် ကျောင်းများနှင့်အပတ်စဉ်အစည်းအဝေးထိုင်ခဲ့ရသည်။

**ဒေသအခြေအနေနှင့်ပြောင်းလဲနေသောစည်းမျဉ်းများ** - အရေးပေါ်အခြေအနေကာလများတွင် စည်းမျဉ်းစည်းကမ်းများသည် လျင်မြန်စွာပြောင်းလဲနိုင်သည်။ သွားလာလှုပ်ရှားမှု သို့မဟုတ် လုပ်ဆောင်မှုများအပေါ်ကန့်သတ်ချက်များလည်းပါဝင်သည်။ ပညာရေးလုပ်ဆောင်မှုပြုလုပ်ရာ တွင် စည်းမျဉ်းစည်းကမ်းများနှင့် အခြေအနေအရပ်ကို လေ့လာကြည့်ကြပ်ရန်လိုအပ်ပြီး အ ပြောင်းအလဲများဖြစ်ပေါ်လာပါက ကျောင်းများသည် update လုပ်ရန်လိုအပ်သည်။

# အကျဉ်းချုပ်

တာ့ခ်ခရိုင်တွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွင်း ရွှေ့ပြောင်းကျောင်းများ၊ လူထုအခြေပြု အဖွဲ့ အစည်းများ (CBOs) နှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) အနေဖြင့် အိမ်တွင်း အခြေ ပြုသင်ယူသင်ကြားမှုအောင်မြင်စွာလုပ်ဆောင်နိုင်ရန်ကူညီပေးသောအရာသည် တစ်နှစ် တာလုံး ရွှေ့ပြောင်းကျောင်းများနှင့်မိတ်ဖက်အဖွဲ့အစည်းများကြားတွင်ဆက်တိုက်ပြုလုပ်သော ပူးပေါင်းလုပ် ဆောင်မှုများဖြစ်သည်။ လွန်ခဲ့သောလမှ အောင်မြင်မှုများနှင့်စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ရန်နှင့် ထိုစိန် ခေါ်မှုများကိုအောင်မြင်ကျော်လွှားနိုင်ရန်အတွက် ပညာရေးအဖွဲ့ အစည်းများနှင့်ကျောင်းများ ၏မိခင်အဖွဲ့အစည်းများသည် လစဉ်အစည်းအဝေးများပြုလုပ်ရ သည်။

အရေးပေါ်အခြေအနေများတွင် အတူတကွပူးပေါင်းခြင်းနှင့်တစ်ဦးနှင့်တစ်ဦးပံ့ပိုးပေးခြင်းသည် ကျောင်း သားများစဉ်ဆက်မပြတ်သင်ယူလေ့လာနိုင်ရန် ကျွန်ုပ်တို့အတွက်အထောက်အကူဖြစ် စေသည်။ သတင်းအချက်အလက်များနှင့် အကြံဉာဏ်များကို ကျွန်ုပ်တို့မျှဝေကြသည်၊ အတူတကွသင်တန်းများစီ စဉ်ကြသည်၊ အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုလုပ်ငန်းစဉ် တိုးတက်မှုရှိစေရန်အတွက်အကြံဉာဏ် များမျှဝေပေးခဲ့ကြသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏တာဝန်များနှင့်အောင်မြင်မှုများကို အတူ တကွမျှဝေကြသည်။

ဤကြပ်တည်းသော အခြေအနေတွင် အရာအားလုံးကို တစ်ဦးတစ်ယောက်တည်းကြိုးစားပြီးမ လုပ်မိရန် အရေးကြီးပြီး ကူညီပေးနိုင်မည့် မိတ်ဆွေများနှင့် မိတ်ဖက်များဆီလည်း ချိတ်ဆက်ရ မည်။ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အိမ်တွင်းအခြေပြုသင်ယူသင်ကြားမှုကဲ့သို့သော အလုပ်များစေသည့်ကိစ္စရပ် များသည်လည်း ပို၍ စီမံခန့်ခွဲနိုင်စွမ်းနှင့်ပို၍ အောင်မြင်မှုများဖြစ် ပေါ်လာစေသည်။



unicef
for every child

help without frontiers
มูลนิธิช่วยไร้พรมแดน

Teacher FOCUS